**Press Release** နိုဝင်ဘာလ(၆)ရက်၊ ၂၀၁၂ခုနှစ်

**မခိုင်မာသေးသည့်ငြိမ်းချမ်းရေးတည်ဆောက်နေစဉ်ကာလအတွင်းစီးပွားရေးနှင့်ဖွံ့ဖြိုး ရေးစီမံကိန်းကြီးများတို့၏အစီအစဉ်လုပ် ငန်း များအပေါ်ပြန်လည်သုံးသပ်ရန်နှင့်ရပ်ဆိုင်းထားရန်စစ်ဘေးစစ်ဒဏ်ကိုအထူးခံစားခဲ့ရသောကရင်လူထုအသိုင်းအဝိုင်းတို့၏တိုက်တွန်းသံများ**

ဒေသခံရွာသား(၁၅၀၀၀)တစ်သောင်းငါးထောင်ကိုကိုယ်စားပြုသောစစ်ဘေးစစ်ဒဏ်ကိုအထူးခံစားခဲ့ရသည့်ကရင်လူထုဆုံရပ်တခုမှ(မြန်မာအစိုးရနှင့်ကေအန်ယူ)တို့ ၏ငြိမ်းချမ်းရေးတည်ဆောက်မှုအခိုင်အမာမရရှိ သေးသရွေ့၊နှစ်ဦးနှစ် ဘက်မှ နိုင်ငံ ရေးအရသေချာသည့်အာမခံချက်စာချုပ်စာတန်းများမချုပ်ဆိုနိုင်သေးသရွေ့ ကရင်ပြည်နယ်နှင့်ကရင်လူထုများနေထိုင်သည့်နေရာဒေသများတွင်စီးပွားရေးနှင့်စီမံကိန်းကြီးများအားစီစဉ်လုပ်ဆောင်နေခြင်းကိုပြန် လည်သုံးသပ်ရန်နှင့်ရပ်ဆိုင်းထား ရန်တိုက်တွန်းသည်။

ဤလူထုဆုံရပ်သည်အောက်တိုဘာလ(၂၆–၂၈/၂၀၁၂)သုံး ရက်အတွင်း စီစဉ်ကျင်းပ ဆွေးနွေးခဲ့ကြသည့်အကြောင်းကိစ္စများမှာမြန်မာနိုင်ငံအစိုးရမှထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်မည်ဆိုရာမှာ စီးပွားရေးနှင့်ဖွံ့ ဖြိုးရေးစီမံကိန်းကြီးများကိုသာ အလောတကြီးလုပ်ဆောင်နေပြီးတိကျပွင့်လင်းသည့်အစီစဉ်နှင့်ဒေသခံလူထုတို့၏သဘောတူ ညီမှုကိုအလေးမ ထားဘဲ တ ဖက်သတ်လုပ်ဆောင်သည်ကိုတွေ့ရပါသည်။လူထုဆုံရပ်သို့တက်ရောက်လာသော ဒေသခံရွာသား ကိုယ် စားလှယ် များမှတောင်ဆိုကြသည်မှာ(မြန်မာအစိုးရနှင့်ကေအန်ယူ) မှပြုလုပ်နေသည့်အပစ်အခတ်ရပ်စဲ ရေးနှင့်ငြိမ်းချမ်း ရေးတည်ဆောက်ရာမှာဒီထက်ပိုမိုကောင်းမွန်ပြီးလူမှုအခြေခံအဖွဲ့ အစည်းများနှင့်ဒေသ ခံလူထုမှပါ ဝင်ဆုံးဖြတ် ပိုင်ခွင့် ရှိသည့်အစီအစဉ်များရှိမှသာလျင်စစ်မှန်ပြီးတည်တံ့ခိုင်မြဲမည့်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကိုတည် ဆောက် နိုင် မည်ဖြစ် သည်။

“ငြိမ်းချမ်းရေးတည်ဆောက်ရန်ဆွေးနွေးနေသည့်ကာလအတွင်းစီးပွားရေးစီမံကိန်းကြီးများနှင့်ငွေကြေးရင်းနှီးမြှုပ်နှံလိုသူများတို့သည်မိမိတို့၏လုပ်ငန်းစီမံချက်များကိုရပ်ဆိုင်းထားရန်နှင့်(မြန်မာအစိုးရနှင့်ကေအန်ယူ)တို့သည်လည်းဒေသခံတို့၏ ရပိုင်ခွင့်အခွင့်အရေးများနှင့်သဘာဝအရင်းမြစ်များကာကွယ်ထိမ်းသိမ်းခွင့်ပြုရေး တို့ကို လေးစားဘို့လိုအပ်သည်” ***လူထုဆုံရပ်၏ပြောဆိုခွင့်ရှိသူ စောလူဘာမှူး*** *မှပြောပါသည်*

ဤလူထုဆုံရပ်သည်ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း၌ပြုလုပ်ပြီးရွာပေါင်း (၂၇) ရွာမှ ဒီမိုကရေစီနည်း ကျရွေးကောက်တင်မြောက် ထားခြင်းခံရသည့် ကျေးရွာဖွံ့ ဖြိုးရေး စီမံကိန်းကော်မတီကိုယ်စလှယ်များနှင့် အခြားသောလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင်စုစုပေါင်းကိုယ်စားလှယ် (၁၀၀)ကျော်တက် ရောက် လာကြပြီးလက်ရှိ (မြန်မာ အစိုးရနှင့်ကေအန်ယူ)တို့၏ငြိမ်းချမ်းရေး တည် ဆောက်မှုအခြေအနေများကိုဆွေး နွေးသုံး သပ်ခဲ့ကြ ခြင်းဖြစ်ပါသည်။

**ဆက်သွယ်ရန်**

**စောဖိုးချို** ဖုန်း – ၀၈၂၈၉၄၁၁၉၄

**စောလူဘာမှူး** ဖုန်း – ၀၈၉၄၁၀၇၂၇၈

**စောထူးခလီ** ဖုန်း– ၀၈၆၁၉၁၂၁၆၅